၈။ လူတွေ့နှုတ်ဖြေစစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူများစာရင်း ထုတ်ပြန်ကြေညာသည့် အခါတွင် ဖော်ပြပါမည်။

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပြီး သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်သော်လည်းကောင်း၊ သင်တန်းပြီးဆုံးအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ်ဆက်လက်တာဝန်ထမ်းဆောင်ခြင်းမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသော သင်တန်းလျော်ကြေးငွေ (၄၀၀၀၀၀/-) (ကျပ်လေးသိန်းတိတိ)ကို ပေးလျော်မည်ဖြစ်ကြောင်း ကတိခံဝန်ချုပ် ချုပ်ဆိုရမည်ဖြစ်သည်။

၁၀။ သင်တန်းတက်ရောက်မည့်သူများသည် ဝန်ထမ်းများဖြစ်သဖြင့် သင်တန်းတက်နေစဉ် ကာလအတွင်း လစာအပြည့်ဖြင့် တာဝန်ထမ်းဆောင်ချိန် (On Duty) သတ်မှတ်ပေးမည်။

၁၁။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေး ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ အင်းစိန်တွင် ဖွင့်လှစ်ထားသော MD-011670 သို့ ပေးသွင်းရမည်။ (မှတ်ချက်။ ။ မြို့နယ်စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် အင်းစိန်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ငွေစာရင်းအမှတ် MD-011670 သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၁၂။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ဖုန်းနံပါတ် (၀၁-၆၄၅၇၅၃၊ ၀၁-၆၄၅၇၄၆)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ website- www.umty.gov.mm သို့လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

28/12/17

(ပါမောက္ခ ဒေါက်တာသိဂီလှိုင်)
ပါမောက္ခချုပ်
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်